မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

**Myanmar Citizens Bank နှင့် Temenos တို့၏ Core Banking System သဘောတူညီလက်မှတ်ရေးထိုးခြင်း**

မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ဘဏ္ဍာရေးဝန်ဆောင်မှု နည်းပညာများတီထွင်ပံ့ပိုးပေးသည့် နည်းပညာကုမ္ပဏီ Temenos တို့ က နိုင်ငံတကာအဆင့်မီ Temenos Core Banking System (CBS) အား မြန်မာနိုင်ငံသားများဘဏ်တွင် အသုံးပြုရန်အတွက် ဇန်နဝါရီလ (၂၆) ရက်နေ့ က MCB ရုံးချုပ်တွင် သဘောတူလက်မှတ်ရေးထိုးခြင်းကို ထုတ်ပြန်ကြေညာပါသည်။ ဤသဘောတူ လက်မှတ်ရေးထိုးပွဲသည် ၂၀၁၆ ခုနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် ပထမဆုံးဘဏ်ဖြစ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်တွင်"ငွေရတု"ကျင်းပ ဆင်နွှဲခဲ့သည့် MCB အတွက် ခေတ်မီနည်းပညာပြောင်းလဲမှုများ အဓိကထားပြုလုပ်မည့် ၂၀၁၈ခုနှစ် ၏ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရန်နှင့် ဈေးကွက်အတွင်း ပြည်တွင်းပြည်ပ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ခိုင်မာစိတ်ချရသည့် Core Banking စနစ်ကအဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ထိပ်တန်း CoreBanking စနစ်များအားစိစစ်ရွေးချယ်ခဲ့ပြီးမှ ဈေးကွက်တွင် ယုံကြည်မှုနှင့်ခိုင်မာမှုအား ကျယ်ကျယ်ပြန့်ပြန့်ရယူထားသည့်Temenos ၏ T24 နှင့် ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံအခြေစိုက်Temenous သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရုံးခွဲပေါင်း(၇၀)ခန့် ဖွင့်လှစ်ပြီးလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိပြီး APAC Regional Office အနေဖြင့် စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ထားသည်။ ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာစနစ်များအား ပံ့ပိုးပေးနေသည် ကမ္ဘာ့အဆင့်မီကုမ္ပဏီကြီး လည်းဖြစ်ပြီး မြန်မာ အပါအဝင် နိုင်ငံပေါင်း(၁၄၀)ခန့် တွင် တွင်ကျယ်စွာ လုပ်ငန်းဝန်ဆောင်မှုများ ပေးလျှက်ရှိသည်။

မြန်မာနိုင်ငံအတွင်းTemenos ၏ နည်းပညာစနစ်များကိုအကောင်အထည်ဖော်ရာတွင် Techmill ကုမ္ပဏီ နှင့် ပူးပေါင်းဆောင်ရွက်ပေးလျှက်ရှိသည်။ ယခုလက်တွဲပူးပေါင်းခြင်းသည် မြန်မာနိုင်ငံသားများဘဏ်အား ပြောင်းလဲတိုးတက်နေသည့် ဘဏ္ဍာရေးဝန်ဆောင်မှုဈေးကွက်တွင် ထိုးဖောက်နေရာယူလာနိုင်ပြီး ပြည်သူများအား ပိုမိုကောင်းမွန်ခေတ်မီသည့် ဝန်ဆောင်များအား ပေးလာနိုင်တော့မည်ဖြစ်သည်။ Core Banking စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံသားများဘဏ်မှာ "**အချိန်မရွေး နေရာမရွေး**" ဝန်ဆောင်မှုပေးမည့် ဘဏ်တစ်ခုအဖြစ် ဈေးကွက်အတွင်း နေရာယူလာနိုင်မည်ဖြစ်သည်။

အဆိုပါ Core Banking System အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များသို့ ထပ်မံအသိပေးကြေညာ သွားမည်ဖြစ်ပြီး၊ တိုးတက်မှုအခြေအနေကိုလည်း အချိန်နှင့်တပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

# Myanmar Citizens Bank Signs up Temenos for Core Banking System

On 26th January 2018, listed Myanmar Citizens Bank held Core Banking System (CBS) Signing Ceremony with Temenos, one of the world's leading CBS vendors, to embark on its digital transformation journey. Listed on the Yangon Stock Exchange (YSX) in 2016 and celebrating its "Silver Jubilee" in 2017, MCB will be taking major steps for its digital transformation in 2018.

A stable and reliable CBS is the key to offer varied products and services to compete with other players in the market. T24 offered by Temenos was selected after thorough evaluation of many world leading vendors. This signing ceremony with Temenos is one of the most important milestones of MCB's 25 years history. Temenos is based in Switzerland with its APAC Regional Head Office in Singapore and operating more than 70 offices worldwide. Temenos is internationally recognized software specialist for Banking and Finance Industry with clients in approximately 140 countries.

In Myanmar, Temenos is collaborating with Techmill for implementing core banking system. This strategic partnership will see MCB leapfrog in integrated digital banking solutions for its customers to meet the ever-changing needs of innovative Fintech products and services. Upon completing the implementation, MCB will be in a position to "anywhere and anytime" banking.

Further announcements to shareholders on implementation of Core Banking System ( CBS ) and the progresses will be made timely and in due course.

**Myanmar Citizens Bank LTD**